ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

# မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၄/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၄/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြု ချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| (စ) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး" |

အမိန့်အရ

ခင်လတ်
ဒုတိယဝန်ကြီး
နိုင်ငံတော်သမ္မတရုံး